
ဘာသာပြန် စာရေးဆရာ – ဉာဏ်လင်းထွန်း
အချိန်တားသခင်
(ဇောင်ယုချန်)
(Chapter 3423 - 3437)
စာစဉ် - ၂၂၆

အချိန်ခရီးသခင်

ဘာသာပြန် - Rai

အခန်း - ၃၄၂၃

( နဂါးငါးကောင် နတ်ဘုရား ဇက်ကရာဇ်....)

သရဖူဆောင်း မင်းသားက အရှေ့ပိုင်း ဘိုးဘေး ဂူသင်္ချိုင်းထဲသို့ ရောက်လာချိန်တွင် ဇောင်ယုချန်က ရွှေရောင် နတ်ဘုရား သားရဲ အလောင်းအောက်၌ ရပ်နေပြီး လက်ထဲ၌ တစ်စုံတစ်ခုအား ကိုင်ထားသည်ကို မြင်လိုက်ရသည်။

သူက ဒေါသတကြီးဖြင့်...

" မင်း ကောင်းကင် ဖန်တီးခြင်း လက်သီး ကျင့်စဉ်ရဲ့ ဆယ့်ကိုးဆင့်မြောက်ကို အောင်မြင်သွားပြီလား..."

" မအောင်မြင်သေးဘူး... တစ်ဝက်ဘဲ နားလည်သေးတယ်..." ဇောင်ယုချန်က ပြောသည်။

သရဖူဆောင်း မင်းသားက အေးစက်သော လေသံဖြင့်....

" ဒါဆို မင်း အော်ရာက ဘာလို့ ရုတ်တရက် ပိုအားကောင်းလာတာလဲ..."

" ဟင်းလင်းပြင် တာအိုမှာ ညဏ်အလင်း ရခဲ့တယ်လေ... အဲ့တာကြောင့် ဟင်းလင်းပြင် စွမ်းအားကို သဘာဝလွန် စွမ်းအား အဆင့်ထိ ကျင့်ကြံထားနိုင်ခဲ့တယ်... အခုဆို ယင်ယန် ထိုက်ကျိ စက်ဝန်းက ပိုတည်ငြိမ်လာပြီ..."

ဇောင်ယုချန်က သဘာဝလွန် စွမ်းအားကို ကျင့်ကြံထားနိုင်သည့်တိုင် ထူး

မခြားသော လေသံဖြင့် ပြောသည်။

ရုတ်တရက် သရဖူဆောင်း မင်းသားက ဓားဝင်ယုချွန် လက်ထဲ၌ ကိုင်ဆောင်ထားသည့် ရွှေဘောလုံးအား မြင်လျှင် အလွန် ထိတ်လန့်သွားပြီး...

" ခွေးကောင်လေး... မင်းက ဘိုးဘေး ကျင်းယွီဝတ်တဲ့ ရတနာကို ယူသွားမလို့လား... ချက်ချင်း ပြန်ထားလိုက်...."

ကျင်းယွီက ပြိုင်ဘက်ကင်း အင်ပါယာမင်း၏ အစေခံ သားရဲ ဖြစ်သော်လည်း အလွန် ကြောက်မက်ဖွယ် ကောင်းသော ကျင့်ကြံခြင်း အဆင့်ပိုင်ဆိုင်ထားသည်။ နတ်ဘုရားများ အလွန်ပေါများသည့် ရှေ့ခေတ်ကပင် ဓားဝင်မိသားစုဝင်များ အားလုံးက ရွှေသားရဲအား ဘိုးဘေး ကျင်းယွီဟု ခေါ်ဆိုရသည် မဟုတ်လော။

ရွှေဘောလုံးထဲရှိ အနန္တ ဟင်းလင်းပြင် ကျောက်တုံးအား သရဖူဆောင်း မင်းသားက အလွန် လိုချင်နေသော်လည်း ဘိုးဘေး ကျင်းယွီ၏ စိတ်ဝိညာဉ် အကြွင်းအကျန်များ ကျန်ရှိနေမည်ကို ကြောက်ရွံ့နေခဲ့သည်။

ဓားဝင်ယုချွန်က မည်သို့ အလွယ်တကူ ထိုရတနာအား ချွတ်ယူလိုက်သနည်း။

သရဖူဆောင်း မင်းသားက သက်ပြင်းချလိုက်ပြီး...

" ဘိုးဘေး ကျင်းယွီက ဘဝ တစ်လျှောက်လုံး ပြိုင်ဘက်ကင်း အင်ပါယာမင်းနဲ့ အတူ လိုက်ပါပြီး စကြာဝဠာထဲက တားမြစ်နယ်မြေတွေထဲက တိုက်ပွဲတွေကို ဆင်နွှဲခဲ့တာ... ငါတို့ ဓားဝင်မိသားစုက တိုက်ရိုက် မျိုးဆက်တွေတောင် သူ့ကို မရိုမသေ မလုပ်ရဲဘူး... မင်း ဘာလို့ ဘိုးဘေးကို နှောက်ယှက်တာလဲ... မြန်မြန် ပြန်သွားထားလိုက်... မဟုတ်ရင် ဒုက္ခရောက်ကုန်လိမ့်မယ်..."

" ဟမ်... ဒီရတနာကို ဒီအတိုင်း ထားလိုက်ရင် ဘာအကျိုး ရှိမှာ မို့လို့လဲ... ဘိုးဘေး ကျင်းယွီသာ အသက်ရှင်နေသေးတယ်ဆိုရင် မိသားစု ဂုဏ်သိက္ခာ မြင့်မားလာဖို့ အတွက် ငါ ဒီ အနန္တ ဟင်းလင်းပြင် ကျောက်တုံးကို ကောင်းကောင်း သုံးဖို့ သူ မျှော်လင့်လိမ့်မယ်... ဘာလို့ ပြန်ထားရမှာလဲ... "ဇောင်ယုချန်က ပြောသည်။

သရဖူဆောင်း မင်းသားက အလွန် ဒေါသထွက်နေသောကြောင့် ခန္ဓာကိုယ် တစ်ခုလုံး တုန်ယင်လာသည်။

" မင်းက မိချောင်းမင်း ရေးခင်းပြနေတာလား... ငါပြောတဲ့ အတိုင်း လုပ်လိုက်..."

ဇောင်ယုချန်က ထူးမခြားနားသော အမူအရာဖြင့် ရွှေဘောလုံးအား ဖြည်းဖြည်းချင်း လှည့်ဖွင့်လိုက်ရာ မြေပြင်တစ်ခုလုံး တုန်ခါသွားပြီး ဘိုးဘေး ဂူသင်္ချိုင်းထဲရှိ ဆွဲငင်အားက ယခင်ထက် အဆတစ်သောင်းခန့် ပို များပြားလာသည်။

" ရပ်လိုက်... မင်း ဘိုးဘေး ဂူသင်္ချိုင်းတွေကို ဖျက်ဆီးဖို့ ကြိုးစားနေတာလား... အနန္တ ဟင်းလင်းပြင် ကျောက်တုံး ထွက်ပေါ်လာတာနဲ့ ဟင်းလင်းပြင် ဆွဲအားက အဆ တစ်ဘီလီယံထိ ပိုများလာလိမ့်မယ်.... အဲ့တာဆိုရင် အရှေ့ပိုင်း နယ်မြေ တစ်ခုလုံး အပျက်အဆီး နယ်မြေ အဖြစ် ပြောင်းလဲသွားပြီး ဘယ်သူမှ အသက်ရှင်နိုင်မှာ မဟုတ်တော့ဘူး..." သရဖူဆောင်း မင်းသားက ပြောသည်။

ဇောင်ယုချန်က...

" အဲ့တာ ပြဿနာ မဟုတ်ဘူး... ဒီကျောက်တုံးကို သန့်စင်ပြီး လက်နက် အဖြစ် ပြောင်းလဲလိုက်မယ်ဆိုရင် စွမ်းအားကို ထိန်းချုပ်နိုင်လိမ့်မယ်..."

ထိုသို့ ပြောလိုက်သော်လည်း ဓောင်ယုချန်က ရွှေဘောလုံးအား ဆက်မဖွင့်တော့ဘဲ ပြန်ပိတ်လိုက်သည်။

ဘိုးဘေး ဂူသင်္ချိုင်းထဲရှိ ဟင်းလင်းပြင် ဆွဲအားလည်း ယခင်အတိုင်း ပြန်ကောင်းမွန်လာသည်။

အနန္တ ဟင်းလင်းပြင် ကျောက်တုံးက အလွန် ထူးဆန်းသော ရတနာ ဖြစ်ပြီး သူ့ ကျင့်ကြံခြင်း လမ်းကြောင်းနှင့် ပေါင်းစည်းလိုက်မည်ဆိုလျှင် အလွန်ကြောက်မက်ဖွယ်ကောင်းသော စွမ်းအား ထုတ်လွှတ်နိုင်သည်။

သရဖူဆောင်း မင်းသားက ချက်ချင်း မြေပြင်ထက်၌ ဒူးထောက်လိုက်ပြီး...

" ဘိုးဘေး ကျင်းယွီနဲ့ ဘိုးဘေးတွေ အားလုံးကို ငါ တောင်းပန်ပါတယ်... မျိုးဆက်သစ်တွေက ဒီလို အပြစ်မျိုး ကျူးလွန်မယ်လို့ ငါ တကယ်ကို မထင်ထားမိဘူး... ဒါက ငါ့အပြစ်တွေပဲ..."

ထို့နောက် သရဖူဆောင်း မင်းသားက မတ်တပ် ရပ်ရင်း ....

" ဓောင်ယုချန်... မင်း ဘိုးဘေး ဂူသင်္ချိုင်းတွေကို ပြန်တူးချင်နေတာလား..."

" ဟမ့်... မင်းက တကယ် လှည့်စားတဲ့ နေရာမှာ ဆရာကြတာပဲ... မင်း ငါ့ကို ကြေးတံခါး ပေးခဲ့တုန်းက ဘယ်လို ပြောခဲ့တာလဲဆိုတာ မမှတ်မိတော့ဘူးလား... အဲ့ဒီ ကြေးတံခါးကို ဘိုးဘေး ဂူသင်္ချိုင်းထဲက တူးခဲ့တာလေ..." ဓောင်ယုချန်က ပြောသည်။

သရဖူဆောင်း မင်းသားက ဓောင်ယုချန်အား လက်ညှိုးထိုး၍...

" မင်း... မင်း မဟုတ်တာတွေ မပြောနဲ့..."

" အဲ့လို မဟုတ်ဘူး.. တကယ်တော့ ငါ ဘိုးဘေး ဂူချိုင်းထဲမှာ နှစ်ပေါင်း

တစ်သိန်းလုံး အိပ်ပျော်ပြီး ပြန်နိုးထလာတုန်းက မတော်တဆ တွေ့ခဲ့ရတာ...."

ဖောင်ယုချန်က သရဖူဆောင်း မင်းသားနှင့် ငြင်းမနေတော့ဘဲ...

" ဘယ်လိုပဲ ဖြစ်ဖြစ် အနန္တ ဟင်းလင်းပြင် ကျောက်တုံးကို ငါယူလိုက်ပြီ.... ဘိုးဘေး ကျင်းယွီကလည်း သဘောတူတယ်လို့ မျှော်လင့်တယ်..."

ရုတ်တရက် ဖောင်ယုချန်က ပေထောင်ပေါင်းများစွာ မြင့်မားသော ကျောက်တုံး ရုပ်တု ဆယ့်နှစ်ခုအား ကြည့်ပြီး...

" ဒါနဲ့ မင်း ဒါတွေကို သန့်စင်ဖို့ မစဉ်းစားတော့ဘူးလား... တကယ်လို့ သူတို့သာ ဖောင်မိသားစုနဲ့ ပေါင်းစည်းလိုက်မယ်ဆိုရင် အရင်ထက် အဆပေါင်းများစွာ ပိုအားကောင်းလာလိမ့်မယ်..."

ထိုရုပ်တုများ၏ တိုက်ခိုက်နိုင်စွမ်းက နှောင်ကြိုး ဖြတ်တောက်ခြင်း အဆင့် မဟာ နတ်ဘုရားများနှင့် ယှဉ်နိုင်စွမ်း ရှိသည် မဟုတ်ပါလား။

" မင်း အိမ်မက် မက်မနေနဲ့... ဒါက ဘိုးဘေး ဂူသိချိုင်းရဲ့ အစောင့်အရှောက်တွေပဲ... မင်း ဖောင်မိသားစုကို ပိုအားကောင်းစေချင်တယ်ဆိုရင် ပိုကြိုးစားရမယ်... အခု ဖောင်မိသားစုမှာ ခွန်းလွန်၊ ကုံးယွီ၊ ဟောင်ချန်နဲ့ ယုယွမ်တို့ ရှိတာပဲ... သူတို့ အလားအလာနဲ့ဆိုရင် အနာဂတ်မှာ ပိုအားကောင်းလာဖို့ သေချာနေပြီ..."

" ဒီကိစ္စကို ထားလိုက်တော့... မင်းအခု နဂါးငွေ့တန်း ကြယ်နယ်မြေကို သွားရမယ်... အဆင့်ချိုးဖြတ်တာက ပထမဦးစားပေးပဲ... စကြာဝဠာထဲမှာ အပြောင်းအလဲတွေ ဆက်တိုက် ဖြစ်နေတယ်..."

ဖောင်ယုချန်က စိုးရိမ်နေသော မျက်ဝန်းများဖြင့်...

" ဘာတွေ ဖြစ်နေတာလဲ...."

" မင်း လက်ရှိ ကျင့်ကြံခြင်း အဆင့်နဲ့ သိတော့ရော ဘာလုပ်နိုင်မှာ မို့လို့လဲ.... မင်း ဒီကိစ္စတွေကို ဝင်ပါချင်တယ်ဆိုရင် နတ်ဘုရင် ဒါမှမဟုတ် အုပ်စိုးသူ နတ်ဘုရား ဖြစ်နေဖို့ လိုအပ်တယ်... သွားရအောင်..."

သရဖူဆောင်း မင်းသားနှင့် ဇောင်ယုချန်တို့က အရင်ဆုံး နတ်ဆိုးတောင်သို့ သွားပြီး ချီရှင်းတျန်အား ခေါ်ဆောင်ခဲ့သည်။

လွန်ခဲ့သော နှစ်တစ်သိန်းခန့်က ကန်လန်ကမ္ဘာနှင့် နဂါးငွေ့တန်း ကြယ်နယ်မြေ ဆက်သွယ်ထားသော လမ်းကြောင်း တစ်ခု ရှိခဲ့သော်လည်း နတ်ဘုရား စစ်ပွဲကြောင့် ပျက်ဆီးသွားခဲ့သည်။

ထို့ကြောင့် သရဖူဆောင်း မင်းသားက သူတို့ နှစ်ယောက်အား ကောင်းကင်ခုံရုံးသို့ ခေါ်သွားဖို့ ပြင်ဆင်သည်။

ထိုစဉ် ဇောင်ယုချန်က နှင်းတောင်တန်း ထိပ်၌ ရပ်နေပြီး ယင်ယန် ထိုက်ကျိ စက်ဝန်း ထုတ်ဖော်နေသည်ကို မြင်လိုက်ရသည်။

တဖြည်းဖြည်း တိမ်တိုက်များ ထူထပ်လာပြီး မိုးကြိုး လျှပ်စီးများ ကောင်းကင်တစ်ခွင်လုံးအား ပြည့်နှက်သွားလေပြီ။

ကောင်းကင်ထက်တွင်လည်း လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာပြီး အားကောင်းသော စွမ်းအားများ ကန်လန်ကမ္ဘာ တစ်ခွင်လုံးအား ပြန့်နှံ့ကုန်သည်။

သရဖူဆောင်း မင်းသားလည်း အဆင့်တစ် သူတော်စင် စိတ်ဆန္ဒအား လျှော့တွက် မိလိုက်သည်ဟု ခံစားနေရပြီး လက်ဇော့ယမ်းကာ...

" သွားတော့... အရိုးတစ်ထောင် ဘုရင်မနဲ့ ဟွမ်တျန်တို့လည်း နဂါးငွေ့တန်း ကြယ်နယ်မြေမှာ ရှိတယ်... ဘယ်မှာ ရှိနေလဲဆိုတာ မင်းတို့ သိပ်မကြာခင် သိလာရလိမ့်မယ်..."

ဇောင်ယုချန်က…

" မင်း ငါတို့နဲ့ အတူ မလိုက်ဘူးလား…"

" ငါက မျှော်လင့်ချက်မဲ့ နတ်ဘုရား တစ်ပါးပဲ… နဂါးငွေ့တန်း ကြယ်နယ်မြေမှာ ဘာလုပ်ရမှာလဲ…"

ချီရှင်းတျန်က …

" လက်ရှိ နဂါးငွေ့တန်း ကြယ်နယ်မြေက အရမ်း အန္တရာယ်များတယ်… ရှေးခေတ် ပါရဂူန် စိတ်ဝိညာဉ် အကြွင်းအကျန်တွေ အပြင် ခန္ဓာကိုယ် အသွင် ကူးပြောင်းထားတဲ့ ဖူရှီနဲ့ ဖူးယောင်တို့လို ပါရဂူန်တွေလည်း ရှိနေသေးတယ်…"

ဇောင်ယုချန်က….

" ငါ နဂါးငွေ့တန်း ကြယ်နယ်မြေမှာ အဆင့် ချိုးဖြတ်လိုက်ရင် ငရဲပြည် ပါရဂူန်တွေ တွက်ချက်မှုကို ဖုံးကွယ်ထားနိုင်တော့မှာ မဟုတ်ဘူး… ချင်ဇူးက ငါ့ကို အုပ်စိုးသူ နတ်ဘုရား ဖြစ်ခွင့် ပေးမှာ မဟုတ်ဘူး… နောက်ပြီး လောကမျှခြေ အဖွဲ့အစည်း…."

သရဖူဆောင်း မင်းသားက လက်ဝှေ့ယမ်းလိုက်ပြီး…

" မင်း အပိုတွေ ပြောမနေနဲ့တော့… ငါတို့ ကန်လန်ကမ္ဘာမှာ ရှိနေပေမဲ့ မင်းတို့ကို စောင့်ကြည့်နေလို့ ရတယ်… တစ်ခုခု ဖြစ်လာရင် ငါတို့ လှုပ်ရှားမယ်… မင်းတို့ အမြန်ဆုံး အဆင့်ချိုးဖြတ်နိုင်ဖို့ ကြိုးစားကြ… ငါသာ မင်းတို့နဲ့ အတူ လိုက်လာမယ်ဆိုရင် ပိုအန္တရာယ် ရှိလာလိမ့်မယ်…"

ဇောင်ယုချန်လည်း ထိုအချိန်မှသာ အဓိက ပြဿနာအား သဘောပေါက်သွားသည်။

တကယ်တမ်းတွင် သရဖူဆောင်း မင်းသားက အလွန် အားကောင်းသော

အစစ်အမှန် နတ်ဘုရား တစ်ပါး ဖြစ်သော်လည်း ယခုအချိန်ထိ သူ့ကို ဝန်မခံသေးပေ။ ထို့အပြင် သူက ပြိုင်ဘက်ကင်း အင်ပါယာမင် နတ်ဘုရား အရင်းအမြစ်အား ရထားပုံရပြီး ဘိုးဘေး စွမ်းအားကို အသုံးပြုနိုင်သေးသည်။ သူသာ နဂါးငွေ့တန်း ကြယ်နယ်မြေသို့ လိုက်လာမည်ဆိုလျှင် လျှို့ဝှက်ချက်များ အားလုံး ဖော်ထုတ်ခံရပေလိမ့်မည်။

ဖောင်ယုချန်နှင့် ချီရှင်းတျန်တို့အား နဂါးငွေ့တန်း ကြယ်နယ်မြေဆီ စေလွှတ်ပြီးနောက် သရဖူဆောင်း မင်းသားက အလယ်ပိုင်း နယ်မြေ ပထမ အင်ပါယာဆီ ထွက်လာခဲ့သည်။

နန်းတော်ထဲတွင် ခန္ဓာကိုယ် အလွန် ထွားကြိုင်းပြီး ရွှေရောင် အလင်းတန်းများ ဖြာထွက်နေသည့် လူတစ်ယောက်နှင့် ကျွန်းသခင်တို့ စကားပြောနေကြသည်။

ထိုလူထွားကြီးက...

" ဟွမ်တျန်၊ ချီရှင်းတျန်၊ ကျွန်းသခင်မြေးနဲ့ ဖောင်ယုချန်တို့ အားလုံးက အကန့်အသတ် မရှိတဲ့ အလားအလာကို ပိုင်ဆိုင်ထားတယ်... သူတို့ အနာဂတ်က အရမ်း ထူးခြားလိမ့်မယ်... အခု သူတို့ အားလုံး နဂါးငွေ့တန်း ကြယ်နယ်မြေမှာ စုဝေးနေတာဆိုတော့ တစ်စုံတစ်ယောက်ကတော့ သေချာပေါက် လှုပ်ရှားလာလိမ့်မယ်... ကန်လန်ကမ္ဘာက ဒီပြဿနာကို ကိုင်တွယ်နိုင်ပါ့မလား..."

သရဖူဆောင်း မင်းသားက ကျယ်လောင်စွာ ရယ်မောလိုက်ပြီး...

" ကောင်းကင် နဂါး ကမ္ဘာနဲ့ ကန်လန်ကမ္ဘာတို့က နှစ်ပေါင်းများစွာ ရင်းနှီးလာခဲ့ကြတာ... ဘာလို့ သူစိမ်းဆန်တဲ့ စကားတွေ ပြောနေတာလဲ... ငါတို့မှာ ကောင်းကင်နဂါး ကမ္ဘာလို အားကောင်းတဲ့ မဟာမိတ်တွေ ရှိတယ်လေ...."

ရွှေရောင် အလင်းတန်းများ ဖြာထွက်နေသည့် လူထွားကြီးက....

" တကယ်လို့ တစ်ခုခု ဖြစ်လာရင် ငါသေချာပေါက် ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး... ဒါပေမဲ့ အနာဂတ်မှာ ကောင်းကင် နဂါး ကမ္ဘာ တစ်ခုခု ဖြစ်လာရင် သူတို့က ကူညီပေးမလားဆိုတာ ငါ မသိနိုင်ဘူး..."

သရဖူဆောင်း မင်းသားက....

" အင်ပါယာက တစ်ခုခုနဲ့ အလဲအလှယ် လုပ်ချင်နေတာလား..."

နဂါးသခင်က ခပ်ဖွဖွ ပြုံးလိုက်ပြီး...

" နဂါးငါးကောင် နတ်ဘုရား ဧက္ကရာဇ်က တကယ် ညဏ်ကောင်းတယ်... ကန်လန်ကမ္ဘာနဲ့ ကောင်းကင် နဂါး ကမ္ဘာ ဆက်ဆံရေး ကောင်းမွန်တယ်ဆိုတာ အမှန်ပဲ... ဒါပေမဲ့ မျိုးဆက်သစ်တွေ အတွက် ပိုရင်းနှီးဖို့ လိုအပ်တယ်... ငါတို့ မဟာမိတ် ဆက်ဆံရေးကို ပိုအားကောင်းစေချင်တာမလား..."

သူတို့ ရှေ့၌ ရှိနေသည့် လူထွားကြီးက နဂါးသခင်နှင့် လောင်ရီတို့၏ ငါးယောက်မြောက် အကိုကြီး ဖြစ်ပြီး ကောင်းကင် ခံ့ရုံး အကြီးအကဲ နတ်ဘုရား အယောက် နှစ်ဆယ်ထဲ၌ ပါဝင်သည်။

သရဖူဆောင်း မင်းသားလည်း နဂါးငါးကောင် နတ်ဘုရား ဧက္ကရာဇ် မည်သည့် ကိစ္စအား စိုးရိမ်နေသည်ကို နားလည်ပေသည်။ လက်ရှိ ကောင်းကင်နဂါး ကမ္ဘာနှင့် ကန်လန်ကမ္ဘာတို့ကြား တစ်ခုတည်းသော ပတ်သက်မှု အနေဖြင့် နဂါးသခင်သာ ကျန်ရှိတော့သည် မဟုတ်လော။

သရဖူဆောင်း မင်းသားက ....

" ချီရှင်းတျန်နဲ့ လောင်ရီတို့ ဘာလို့ တိုက်ခိုက်ခဲ့ကြတာလဲ... သူတို့ နှစ်ယောက်က နှစ်ပေါင်းများစွာ အတူတူ ရှိလာခဲ့ကြတာ..."

" ဟမ့်..."

နဂါးငါးကောင် နတ်ဘုရား ဇက္ကရာဇ်က လေးနက်သော အသံဖြင့်....

" အနာဂတ်မှာ ကန်လန်ကမ္ဘာရဲ့ အုပ်စိုးသူက ဇောင်ယုချန် ဖြစ်လာမယ်ဆိုတာ အားလုံး သိထားကြတယ်.. ငါ နဂါးနတ်ဘုရား ကမ္ဘာက မိန်းကလေး တစ်ယောက် ခေါ်လာခဲ့တယ်... သူမက ဇောင်ယုချန်နဲ့ လက်ထပ်ဖို့ အရည်အချင်း ပြည့်မှီတယ်... မင်းတို့ နှစ်ယောက်သာ ဒီကိစ္စကို သဘောတူရင် ငါတို့ ပြဿနာတွေကို အလွယ်တကူ ဖြေရှင်းလို့ရပြီ..."

နတ်မိမယ် လင်းလောင်က နဂါးငါးကောင် နတ်ဘုရား ဇက္ကရာဇ်၏ နတ်ဘုရား နယ်မြေထဲမှ ထွက်လာပြီး ကျွန်းသခင်နှင့် သရဖူဆောင်း မင်းသားအား အရိုအသေပေးသည်။

" ကောင်းပြီ... ဒီကိစ္စကို စိုးရိမ်မနေနဲ့တော့... ငါက ဇောင်ယုချန် ကိုယ်စား သဘောတူလိုက်မယ်..."

သရဖူဆောင်း မင်းသားက ပြောသည်။

" ဒါပေမဲ့ ဇောင်ယုချန်လို အနာဂတ် ဘိုးဘေး ဖြစ်လာနိုင်တဲ့ လူတစ်ယောက်ရဲ့ မိသားစုဝင် ဖြစ်ဖို့ဆိုတာ လွယ်မှာ မဟုတ်ဘူး... သူမက ဇောင်ယုချန်နဲ့ လက်ထပ်ဖို့ အရည်အချင်း ပြည့်မှီပေမဲ့ ခန်းဝင် ပစ္စည်းအကြောင်း ပြောဖို့ လိုသေးတယ်...."

End – 3423

***